

# အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာ

## အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း NSPAW အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ သုံးသပ်ချက်

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
၂၀၁၉ ခုနှစ် မေလ

Women's League of Burma

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်း နောက်ခံကွဲပြားသည့် တိုင်းရင်းသူ အမျိုးသမီးအဖွဲ့ အစည်းပေါင်း ၁၃ ဖွဲ့ဖြင့် ဖွဲ့စည်းထားသည်။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် တည်ထောင်ဖွဲ့စည်းခဲ့သည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အမျိုးသမီးများ၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် အရည်အချင်း ပြည့်ဝစေရေးအတွက် သာမက အရည်အချင်းမြှင့်တင်ခြင်း၊ စည်းရုံးချဉ်းကပ်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများမှတဆင့် ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အပါအဝင် ကဏ္ဍအားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင် လုပ်ကိုင်လာစေရေးအတွက် ဦးတည်ဆောင်ရွက် လျှက်ရှိသည်။

## ရည်ရွယ်ချက်များ

- အမျိုးသမီးများ စွမ်းရည်မြှင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး
- ကျား၊ မ တန်းတူရေး
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရေး
- လူမှုကဏ္ဍအသီးသီးနှင့် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်လာရေး
- ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရေး

Leitner Center
for International Law and Justice
AT FORDHAM LAW SCHOOL, NEW YORK CITY

# နိုင်ငံတကာ ဥပဒေနှင့် တရားမျှတရေးဆိုင်ရာ Leitner Center

အမေရိကန်နိုင်ငံ၊ Fordham တက္ကသိုလ်၊ ဥပဒေကျောင်း၏ သုတေသန၊ စည်းရုံးလှုံ့ဆော်ရေး၊ ပညာရေး ဆိုင်ရာစင်တာ တရပ်ဖြစ်သော "နိုင်ငံတကာ ဥပဒေနှင့် တရားမျှတရေးဆိုင်ရာ Leitner Center" သည် တရားဥပဒေစိုးမိုးရေး၊ တရားမျှတမှုရရှိရေးနှင့် လူ့အခွင့်အရေးများကို ခိုင်မာစွာ ကာကွယ်နိုင်ရေးတို့ကို မြှင့်တင်ရန် အခြေခံလူတန်းစားအလွှာများမှ တက်ကြွလှုပ်ရှားသူများနှင့် လူမှုရေးတရားမျှတမှုဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူ လက်တွဲလုပ်ဆောင်လျှက်ရှိသည်။

Leitner Center သည် ပဋိပက္ခအတွင်းနှင့် ပဋိပက္ခလွန်ကာလများအတွင်းက တိုင်းရင်းသူအမျိုးသမီးနှင့် အမျိုးသမီးငယ်များအတွက် ကျား-မ တန်းတူရေးနှင့် ကျား-မ အခြေပြု အကြမ်းဖက်မှုများ၊ ခွဲခြားဆက်ဆံမှုများကို ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် သုတေသနလုပ်ငန်းများ၊ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းများနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများတွင် အဓိက ဦးစားပေး လုပ်ဆောင်ပြီး မြန်မာနိုင်ငံရှိ မိတ်ဖက် အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်၍ လူ့အခွင့်အရေး မြှင့်တင်ရေး လှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသော အဖွဲ့ဖြစ်သည်။

# မာတိကာ


၁
NSPAW အနှစ်ချုပ် သုံးသပ်ချက်

၂
NSPAW အဓိက အခြေခံပြဿနာများ

၃
အခြေခံပြဿနာ ၁။
၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် မှီကိုးထားသည့် NSPAW ၏ ပြဿနာများ

၅
အခြေခံပြဿနာ ၂။
NSPAW ၏ အကောင်အထည်ဖော်မှုနှင့် တာဝန်ခံမှုဆိုင်ရာ ပြဿနာများ

၁၁
အခြေခံပြဿနာ ၃။
အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ NSPAW ၏ အသေးစိတ် ပြဿနာများ

၁၄
နိဂုံးချုပ် လေ့လာတွေ့ရှိချက်များ

# ကျေးဇူးတင်လွှာ

ဤတင်ပြချက်စာတမ်း ရေးသားပြုစုရာ၌ ဥပဒေဆိုင်ရာအသိပညာများ၊ သုတေသန အထောက်အပံ့များနှင့် အကူအညီများ ပံ့ပိုးပေးခဲ့သော နိုင်ငံတကာ ဥပဒေနှင့် တရားမျှတရေးဆိုင်ရာ Leitner Center နှင့် ဤစာတမ်းထုတ်လုပ်ရန် အခမ်းအနားများ စီစဉ်ဆောင်ရွက်ခဲ့သော မဖြူဖြူစန်းနှင့် Global Justice Centre ၏ အဖွဲ့သားများအား မိမိတို့က ကျေးဇူးတင်ရှိပါကြောင်း ဖေါ်ပြလိုပါသည်။ ထို့အပြင် နည်းပညာပိုင်း ဆိုင်ရာ ထောက်ပံ့ကူညီလျှက်ရှိသော နော်မေဦးအားလည်း ကျေးဇူးတင် ရှိပါကြောင်း ဖော်ပြလိုပါသည်။

# NSPAW အနှစ်ချုပ် သုံးသပ်ချက်

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ၂၀၁၃-၂၀၂၂ (NSPAW) ကို နိုင်ငံအတွင်းရှိ အမျိုးသမီးများ၏ လူ့အခွင့်အရေးများ ကာကွယ်မြှင့်တင်ရန် ခံယူချက်များကို ပုံဖော်ထား၍ "ခြုံငုံပြည့်စုံသည်" ဟု ကြွေးကြော်ထားသည့် ၁၀ နှစ်စာ အမျိုးသားအဆင့် စီမံကိန်းကို မြန်မာနိုင်ငံ အစိုးရမှ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃ ရက်နေ့တွင် စတင်မိတ်ဆက်ခဲ့သည်။ NSPAW ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ အစိတ်အပိုင်း တရပ်ဖြစ်သော လူမှုဝန်ထမ်း ဦးစီးဌာနအောက်တွင် တရားဝင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အမျိုးသမီးများ၏ တန်းတူရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် "အဓိက လုပ်ငန်းနယ်ပယ်" ၁၂ ခုပါဝင်၍ "မျှော်မှန်းချက်ကြီးမားပြီး အကောင်အထည်ဖော်နိုင် လောက်သည့် စီမံကိန်း" ဟု တင်ပြထားသည့် NSPAW တွင် ဖော်ပြထားသည့် ရည်ရွယ်ချက် များမှာ -

"မြန်မာနိုင်ငံရှိ အမျိုးသမီးများအားလုံးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ၏ ပံ့ပိုးမှုဖြင့် စွမ်းဆောင်ရည် မြင့်မားလာပြီး ၎င်းတို့၏ အခွင့်အရေးရပိုင်ခွင့်များကို အပြည့် အဝ ခံစားရရှိနိုင်စေရန်" နှင့် "အမျိုးသမီးတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျား-မရေးရာ တန်းတူ ညီမျှရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အသိအမှတ်ပြုနားလည်လက်ခံနိုင်စေမည့် စနစ်များ၊ ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်းများ" အား အကောင်အထည်ဖော် ဆောင်ရွက်နိုင် စေရန် ဖြစ်သည်။

ဤရည်ရွယ်ချက်များ အောင်မြင်ပြီးမြောက်စေရန် ဖွဲ့စည်းမှုမူဘောင်တရပ်အဖြစ် NSPAW ကို ပုံဖော်ရာတွင် နိုင်ငံတော်အစိုးရသည် ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေနှစ်ရပ်လုံးကို ရည်ညွှန်း ကိုးကားပြီး NSPAW ၏ အဓိက အုတ်မြစ်အနေဖြင့် အသုံးပြုခဲ့သည်။ ပြည်တွင်းဥပဒေအား လေးစား အသိအမှတ် ပြုသောအားဖြင့် NSPAW သည် "၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံထား" သကဲ့သို့ အမျိုးသမီး များအနေဖြင့် "ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်များနှင့်အညီ ၎င်းတို့၏ အခွင့်အရေးများကို အပြည့်အဝ ခံစားရရှိစေရေး" သေချာစေရန်အတွက် ရည်ရွယ် ထားသည်။

နိုင်ငံတကာဥပဒေနှင့်ပတ်သက်၍လည်း NSPAW သည် CEDAW (အစိုးရမှ ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသော) ၏ အခြေခံမူများအပေါ် အခြေခံထားပြီး အဓိကလုပ်ငန်းနယ်ပယ် ၁၂ ရပ်သည် ဘီဂျင်း လုပ်ငန်းစီမံချက် (Beijing Platform for Action) (၁၉၉၅ ခုနှစ်၊ စတုတ္ထအကြိမ် အမျိုးသမီးရေးရာ ကမ္ဘာ့ညီလာခံတွင် ချမှတ်ခဲ့သည့်) အပေါ် အခြေခံကာ ရေးဆွဲ

1. *National Strategic Plan for the Advancement of Women ("NSPAW"), Preface.*
2. *Id. Preface and Section 5.*
3. *Id. Preface and Sections 3 and 4.*

ချမှတ်ထားသည်။ ဆိုလိုသည်မှာ NSPAW ၏ အဓိက လုပ်ငန်းနယ်ပယ် ၁၂ ရပ်သည် အောက်ဖော်ပြ ပါအချက်များတိုင်း ဘီဂျင်းလုပ်ငန်း စီမံချက်၏ အဓိက ဦးစားပေး စိုးရိမ်ချက် ၁၂ ချက်အပေါ် အနီးစပ်ဆုံး အခြေခံထားခြင်းပင်ဖြစ်သည်။

- အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်းမှု
- အမျိုးသမီးများနှင့် ပညာရေး၊ လေ့ကျင့်သင်ကြားရေး
- အမျိုးသမီးများနှင့် ကျန်းမာရေး
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှု
- အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေများ
- အမျိုးသမီးများနှင့် စီးပွားရေး
- အမျိုးသမီးများနှင့် ဆုံးဖြတ်ချက်ချမှတ်ရေး
- အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းယန္တရားများ
- အမျိုးသမီးများနှင့် လူ့အခွင့်အရေး
- အမျိုးသမီးများနှင့် မီဒီယာ
- အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်
- အမျိုးသမီးငယ်များ



# NSPAW အဓိက အခြေခံပြဿနာများ

## အခြေခံပြဿနာ ၁။

### ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် မှီငြမ်း ကိုးကားထားသည့် NSPAW ၏ ပြဿနာများ

(က) NSPAW သည် ကျား-မ တရားမမျှတမှုကို ကျူးလွန်ရန်နှင့် ကျူးလွန်ခွင့်ပေးထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါနေသော ခွဲခြားဆက်ဆံမှုများရှိနေသည့် ဥပဒေပါ အချက်များကို တရားဝင်ဖြစ်စေသည်။

အထက်တွင် ဖော်ပြထားသည့်အတိုင်း NSPAW သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံထားပြီး အမျိုးသမီးများအနေဖြင့် "ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်များနှင့်အညီ ၎င်းတို့၏ အခွင့်အရေးများကို အပြည့်အဝ ခံစားရရှိစေရေး" အတွက် သေချာစေရန် ရည်ရွယ်ထားသယောင် ဖော်ပြထားသည်။[4] သို့သော် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ပင်လျှင် အမျိုးသမီးများအပေါ် တိုက်ရိုက်နှင့် သွယ်ဝိုက်နည်းဖြင့် ခွဲခြားဆက်ဆံမှုများကို ထင်ရှားစွာ ပြဋ္ဌာန်းရေးဆွဲထားသော ဥပဒေအချက်အလက်များ ပါဝင်နေသည်။

ဥပမာအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၃၅၂ သည် "အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ" ကျား-မ အခြေခံသည့် ခွဲခြားဆက်ဆံမှုမပြုရဟု ဖော်ပြထားသော်လည်း "အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတား မဖြစ်စေရ" ဟု အတိအလင်း ထည့်သွင်းရေးဆွဲထားသည်။

ဤအချက်သည် အမျိုးသမီးများအား ကျား-မ အပေါ် အခြေခံသည့် ခွဲခြားဆက်ဆံခြင်းနှင့် အနုတ်သဘောဆောင်သည့် ကန့်သတ်ချုပ်ချယ်သော ပုံစံခွက်များ ဆက်လက်တည်ရှိနေမှုကို တရားဝင် ခွင့်ပြုထားသည်မှာ ထင်ရှားနေသည်။ တချိန်တည်းမှာပင် အခြားဥပဒေပါ ပုဒ်မများသည်လည်း အမျိုးသမီးများအပေါ် သွယ်ဝိုက်သောအားဖြင့် ခွဲခြားဆက်ဆံနေသောကြောင့် ကျား-မ တန်းတူညီမျှမှုမရှိခြင်းကို ပိုမို အားဖြည့်ရာရောက်စေသည်။ ပုဒ်မ ၁၀၉၊ ၁၄၁ နှင့် ၁၆၁ တခုချင်းစီသည်လည်း တပ်မတော်မှ တိုက်ရိုက် ရွေးချယ်ခန့်အပ်ပိုင်ခွင့်ရှိသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအတွက် သီးသန့်ခွဲတမ်း ပေးအပ်ထားခြင်း ဖြစ်သည်။

သိသာထင်ရှားသည့်အချက်မှာ အမျိုးသမီးများကို မကြာသေးခင်ကမှ စစ်မြေပြင်တွင် စစ်မှုထမ်းခွင့်ပေးထား သည့်အတွက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ခန့်အပ်ရာတွင် မပြောပလောက်သော ရာခိုင်နှုန်းသာ ပါဝင်လာခြင်းသည် သွယ်ဝိုက်နည်းဖြင့် ခွဲခြားဆက်ဆံခြင်း (သို့မဟုတ်) ခွဲခြားဆက်ဆံသည့် ရလဒ် ဖြစ်သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပေါ်လွင်ထင်ရှားစွာ ခွဲခြားဆက်ဆံနေသည့် အသုံးအနှုန်းများကို ဖယ်ရှားပစ်ရန်လိုအပ်သည်ဟု NSPAW တွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပေ။ အကျိုးဆက်မှာ NSPAW သည် ကျား-မ ခွဲခြားဆက်ဆံမှုများကို သိသာထင်ရှားစွာ ခွင့်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မများကို တရားဝင် အသိအမှတ်ပြုပေးရာရောက်ပြီး ပြီးပြည့်စုံသည့် တန်းတူညီမျှရေးကို substantive equality ဖော်ဆောင်ရန် အဟန့်အတားဖြစ်စေသည်။ ၎င်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေမှ အခွင့်အာဏာပေးထားသည့် တပ်မတော်၏ လုပ်ပိုင်ခွင့်အာဏာများကို ဆက်လက်တည်တံ့စေသည်။

4. *Id. Preface and Sections 3 and 4.*

### အကြံပြုချက်

■ အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် ကျား-မ တန်းတူရေးကို အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပုဒ်မ ၃၅၂ အပါအဝင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများကို တရားဝင် ခွင့်ပြုထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအားလုံးကို ပယ်ဖျက်ရန် (သို့) ပြင်ဆင်ရန်နှင့် ပုဒ်မ ၁၀၉၊ ၁၄၁ နှင့် ၁၆၁ အပါအဝင် ခွဲခြားဆက်ဆံမှုများကို သက်ရောက်ဖြစ်ပေါ်စေသည့် ပြဋ္ဌာန်းချက်များကို ပြန်လည်ပြင်ဆင်ရန် လိုအပ်သည်။

(ခ) NSPAW သည် ကျား-မ တန်းတူညီမျှမှုမရှိခြင်းကို ခွင့်ပြု ထားပြီး ဆက်လက်ရှင်သန်ခွင့်ပြုနေသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ခွဲခြားဆက်ဆံမှု ပြဋ္ဌာန်းချက်ကို တရားဝင်ဖြစ်စေသည်။

အခြေခံပြဿနာ (၃-ခ) တွင် ပြည့်စုံစွာ ရှင်းလင်းထားသည့်အတိုင်း ပြစ်မှုကျူးလွန်သူများကို အကာအကွယ်ပေးပြီး ပြစ်ဒါဏ်မှ ကင်းလွတ်ခွင့်ပေးထားသည့် ယဉ်ကျေးမှုသည် နိုင်ငံတော်မှ အားပေးအားမြှောက်ပြုသည့် (State-Sponsored) ပဋိပက္ခအတွင်း ဖြစ်ပွားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ဆက်လက်ဖြစ်ပွားစေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၄၄၅ တွင် အစိုးရအာဏာပိုင်များကို “တာဝန်အရ ဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျက် ယင်းတို့အား တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ” ဟူသည့် ပြဋ္ဌာန်းချက်သည် တပ်မတော်သားများ ပဋိပက္ခများအတွင်းတွင် ကျူးလွန်ခဲ့ကြသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ပြစ်ဒါဏ်ကင်းလွတ်ခွင့်ပေးနေပါသည်။

ထို့အပြင် တပ်မတော်အား တရားစီရင်ရေးဆိုင်ရာဖြစ်စဉ်တရပ်လုံးကို လွှမ်းမိုးနိုင်သည့် ပြဋ္ဌာန်းချက်နှင့် ပြစ်မှုနှင့် တိုင်တန်းချက်များအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် “အပြီးအပြတ်” ဖြစ်သည် ဟူသော ပြဋ္ဌာန်းချက်များဖြင့် ပြစ်ဒါဏ်များမှ ကင်းလွတ်ခွင့်ပေးနေခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေက ပိုမို ခိုင်မာစေခြင်းအပြင် တပ်မတော်သားများမှ ကျူးလွန်ခဲ့သည့် မုဒိမ်းမှုနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှုများအပါအဝင် ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အမှုများအားလုံးကို တပ်မတော်မှ ထိန်းချုပ်ထားသည့် တရားစီရင်ရေးစနစ်၏ စီရင်ပိုင်ခွင့်အာဏာများတွင် ထည့်သွင်းထားလိုက်ခြင်း ဖြစ်ပါသည်။[၅]

ဖွဲ့စည်းပုံအခြေခံဥပဒေမှ အစိုးရမှ အားပေးအားမြှောက်ပြုသည့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို မည်ကဲ့သို့ ပြစ်ဒါဏ်ကင်းလွတ်ခွင့်ဆက်ပေးနေသည်နှင့် မည့်သို့ ဆောင်ရွက်သင့်သည်ဆိုသည့် အကြံပြုချက်များ အပြည့်အစုံကို အခြေခံပြဿနာ (၃-ခ) တွင် ဖော်ပြထားသည်။

5. *Constitution of the Republic of the Union of Burma (2008), Article 343.*



## အခြေခံပြဿနာ ၂။

## NSPAW ၏ အကောင်အထည်ဖော်မှုနှင့် တာဝန်ခံမှုဆိုင်ရာ ပြဿနာများ

(က) အစိုးရအနေဖြင့် NSPAW ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် တိကျသော အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန် သတ်မှတ်ပေးရန် ပျက်ကွက်သည်။

NSPAW စာတမ်းတစုံလုံးတွင် NSPAW အကောင်အထည်ဖော်ဆောင်ရွက်မှုများကို သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များမှ တာဝန်ယူဆောင်ရွက်သွားမည်ဟု အစိုးရမှ အကြံပြုထားသည့်အတွက် သက်ဆိုင်ရာ ဌာန (သို့) တသီးပုဂ္ဂလတို့အတွက် တိကျရှင်းလင်းသည့် အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ရန် ရှုပ်ထွေးမှုများဖြစ်ပေါ်စေသည်။

ဥပမာအားဖြင့် အပိုဒ် ၂၀ တွင် NSPAW ကို “အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အလှူရှင်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပါမည်” ဟု ဖော်ပြထားသည်။ သို့သော် ထိုအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တို့ကို တိကျသော လုပ်ငန်းတာဝန်များ သတ်မှတ်ဖော်ပြပေးရန် NSPAW ပျက်ကွက်ခဲ့သည်။[၆]

အခြားတနေရာတွင်လည်း အစိုးရက NSPAW ကို အကောင်ထည်ဖော်ဆောင်ရွက်မှုအား ကြီးကြပ်သည့် သီးသန့်ဌာနတခု ဖွဲ့စည်းရန် ဖော်ပြထားသော်လည်း မည်ကဲ့သို့ ဖွဲ့စည်းသွားမည်နှင့် လက်တွေ့ကျသော အသေးစိတ်အချက်အလက်များကို ဖော်ပြထားခြင်း မရှိပေ။

ဥပမာ အပိုဒ် ၂၂ နှင့် အပိုဒ် ၂၄ (င) တွင် NSPAW ကို “လုပ်ငန်းများ အချိန်မီ အကောင်အထည်ဖော်ဆောင်နိုင်ရန်၊ အရည်အသွေး ပြည့်မီ ကောင်းမွန်စေရေးအတွက် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်နှင့် အစိုးရအဖွဲ့သို့ NSPAW နှစ်စဉ်အစီရင်ခံစာ ပေးပို့ရန်” တာဝန်ရှိသည့် NSPAW စီမံခန့်ခွဲမှုကော်မတီတရပ် ဖွဲ့စည်းရန် ဖော်ပြထားပြီး အပိုဒ် ၂၃ တွင် အဓိက ဦးစားပေးနယ်ပယ်တခု ချင်းစီအတွက် “သက်ဆိုင်ရာ တာဝန်ရှိဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ နယ်ပယ်အလိုက် အသီးသီး လုပ်ဆောင်လျက်ရှိသည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ” ဖြင့် ဖွဲ့စည်းထားသည့် ဆပ်ကော်မတီများ ဖွဲ့စည်းရန် ဖော်ပြထားသည်။

ထို့အပြင် အပိုဒ် ၂၃ တွင် “NSPAW ကို အကောင်အထည်ဖော် ဆောင်ရွက်နေသော သက်ဆိုင်ရာဝန်ကြီးဌာနများ” အနေဖြင့် မိမိတို့ ပါဝင်ပါတ်သက်နေသည့် လုပ်ငန်း တာဝန်များ “ဆက်စပ်ညီညွတ်မှုရှိစေရန်နှင့် ကြီးကြပ်စစ်ဆေးသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်” “တာဝန်ပေးအပ်ထားသူတဦး” သတ်မှတ်ထားရှိရန် ဖော်ပြထားသည်။[၇]

NSPAW စီမံခန့်ခွဲရေးကော်မတီ၊ NSPAW၏ အဓိက ဦးစားပေးနယ်ပယ်များအတွက် ဆပ်ကော်မတီများနှင့် ဝန်ကြီးဌာနအဆင့် NSPAW တာဝန်ပေးအပ်ထားခံရသူများသည် NSPAW ကို လက်တွေ့ အကောင်အထည်ဖော်ရန် အရေးကြီးသည့် ပထမဆုံးခြေလှမ်းဖြစ်သော်လည်း အစိုးရအနေဖြင့် မည်သည့် အချိန်၊ မည်သည့် ပုံစံဖြင့် မည်သို့ဖွဲ့စည်းမည်၊ မည်သည့်အသေးစိတ် လှုပ်ရှားမှုများကို လုပ်ဆောင်မည်နှင့် NSPAW အကောင်အထည်ဖော်ရေးအတွက် မည်သို့ တာဝန်ခံသွားမည်ဆိုသည့် အသေးစိတ် အချက်အလက်များကိုမှ ဖော်ပြ ထားခြင်းမရှိပေ။[၈]

6. *Id., Section 20.*
7. *Id., Sections 22, 23, and 24(e).*
8. *Id., Section 23.*

## အကြံပြုချက်များ

- အစိုးရအနေဖြင့် မည်သည့်အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များကို တိုက်ရိုက် တာဝန်ပေးထားသည်၊ NSPAW အကောင်အထည်ဖော်ဆောင်ရွက်မှုအားလုံးအတွက် တာဝန်ခံမှာ မည်သူဖြစ်သည် စသည့် အသေးစိတ် အချက်အလက်များကို တိတိကျကျ ဖော်ပြရမည်။
- အစိုးရအနေဖြင့် NSPAW အကောင်အထည်ဖော်ရေးတွက် တာဝန်ရှိသည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ၏ အမည်များနှင့် ဆက်သွယ်ရမည့် အချက်အလက်များကို တိကျစွာ ဖော်ပြရမည့်အပြင် NSPAW အကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းစဉ်တိုးတက်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကိုလည်း လူအများသိအောင် ဖော်ပြပေးခြင်းနှင့် စုံစမ်းမေးမြန်းလာသည့် မေးခွန်းများကို ဖြေဆိုနိုင်ရမည်။
- အထူးသဖြင့် အစိုးရအနေဖြင့် NSPAW စီမံခန့်ခွဲရေးကော်မတီတရပ် ဖွဲ့စည်းခြင်း၊ NSPAW ၏ အဓိက ဦးစားပေးနယ်တခုချင်းစီအတွက် ဆပ်ကော်မတီ ၁၂ ခု ဖွဲ့စည်းခြင်းနှင့် NSPAW အကောင်အထည်ဖော်မှုတွင် ပါဝင်သော အစိုးရဝန်ကြီးဌာန တခုချင်းစီတွင် တာဝန်ပေးအပ်ထားသော NSPAW "တာဝန်ပေးအပ် ထားသူ (Focal Person)" ဖွဲ့စည်းထားရှိမှု အခြေအနေများကို လူအများသိအောင် အစီရင်ခံရမည်။

(ခ) အစိုးရအနေဖြင့် NSPAW အကောင်အထည်ဖော်မှုအတွက် လိုအပ်သော လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များကို ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရန် ပျက်ကွက်သည်။

NSPAW အကောင်ထည်ဖော်မှုအတွက် လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များကို NSPAW တွင် အနှစ်ချုပ် ဖော်ပြထားသော်လည်း အစိုးရအနေဖြင့် ထိုလုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များ ရေးဆွဲရန် အဓိပ္ပါယ်ပြည့်ဝသည့် မည်သည့်သတင်းအချက်အလက်များကိုမှ ဖော်ပြထားခြင်းမရှိသည့်အတွက် ဤကဲ့သို့ အရေးကြီးလှသည့် ပထမခြေလှမ်း၏ တိုးတက်မှုများကို တိုင်းတာရန် သို့မဟုတ် အကဲဖြတ်ရန် ခက်ခဲစေသည်။

ဥပမာ အပိုဒ် ၂၄ (က) အရ NSPAW စီမံခန့်ခွဲရေးကော်မတီသည် NSPAW အကောင်အထည်ဖော်မှုအတွက် "အဓိက ဦးစားပေးနယ်ပယ် ၁၂ ရပ်မှ တစ်ခုချင်းစီ၏ လုပ်ငန်းအဖွဲ့များ/အထူးတာဝန်ရှိသော အဖွဲ့များမှ ရေးဆွဲထားသော နည်းဗျူဟာဆိုင်ရာ မူဝါဒများ၊ အစီအစဉ်များနှင့် ဥပဒေပြန်လည်ပြင်ဆင်ပြဋ္ဌာန်းခြင်းများကို ဆက်စပ်ညှိနှိုင်းလျက် အကောင်အထည်ဖော်ရေးအတွက် ၅ နှစ် ကာလ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ် (5 year Operational Plan) ကို ရေးဆွဲရန်" နှင့် ထိုလုပ်ငန်း ဆောင်ရွက်မှုအစီအစဉ်ကို "ပုံမှန် ဥပမာ - ၆ လ တကြိမ် ပြန်လည်သုံးသပ်စစ်ဆေးပြင်ဆင်ရန်" တာဝန်ရှိသည်။[၉]

အပိုဒ် ၂၄ (ခ) အရ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်တွင် နိုင်ငံတော်အဆင့်မှ တိုင်းနှင့်ပြည်နယ် အဆင့်၊ ခရိုင်မြို့နယ်အဆင့်နှင့် အောက်ခြေ စီမံခန့်ခွဲမှုအဆင့် အပါအဝင် "အဆင့်တိုင်းတွင် စီမံခန့်ခွဲမှုနှင့် လုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ ဖွဲ့စည်းပုံများနှင့် လည်ပတ်လုပ်ဆောင်မှုများ ဆောင်ရွက်မှု အစီအစဉ်များကို တိကျစွာ ဖော်ပြရမည်။"[၁၀] လက်ရှိတွင် NSPAW ကို စတင်မိတ်ဆက်ခဲ့သည့် ၂၀၁၃ ခုနှစ်မှစ၍ ၅ နှစ် အကြာအထိ NSPAW လုပ်ငန်းဆောင်ရွက်မှု အစီအစဉ် ရှိ/မရှိနှင့် ရေးဆွဲနေခြင်း ရှိ/မရှိမှာ မရှင်းမလင်း ဖြစ်နေသည်။

9. *Id., Section 24(a).*
10. *Id., Section 24(b).*



## အကြံပြုချက်များ

- အစိုးရအနေဖြင့် NSPAW လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်ရေးဆွဲမှုနှင့်ပတ်သက်သည့် အခြေအနေနှင့် နိုင်ငံတော်အဆင့်မှ တိုင်းနှင့်ပြည်နယ်အဆင့်၊ ခရိုင်မြို့နယ်အဆင့်နှင့် အောက်ခြေစီမံခန့်ခွဲမှုအဆင့် အသီးသီးတွင် NSPAW လုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ စီမံခန့်ခွဲမှု၊ ဖွဲ့စည်းပုံများနှင့် လည်ပတ်လုပ်ဆောင်မှုယန္တရားများ သတ်မှတ်မှုအခြေအနေများကို အများသိအောင် အစီရင်ခံရမည်။
- အစိုးရအနေဖြင့် NSPAW တွင် သတ်မှတ်ထားသည့်အတိုင်း လူမှုအဖွဲ့အစည်းများ၏ ပါဝင်မှု၊ အထူးသဖြင့် တိုင်းရင်းသူ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ ကိုယ်စားပြုမှု သေချာစေရန် ဆောင်ရွက်မှု တို့အပါအဝင် NSPAW လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များကို ပုံမှန်ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်မှုများ ပြုလုပ်ရန် လုပ်ထုံးလုပ်နည်းများကို အများသိအောင် အစီရင်ခံတင်ပြရမည်။

(ဂ) အစိုးရသည် NSPAW အကောင်အထည်ဖော် ဆောင်ရွက်မှု၏ လုပ်ငန်းတိုးတက်မှုကို အများပြည်သူတို့ အချိန်နှင့်တပြေးညီ အသုံးဝင်သော အချက်အလက်များ ထုတ်ပြန်ရန် ပျက်ကွက်သည်။

NSPAW အကောင်ထည်ဖော်မှုဆိုင်ရာ လိုအပ်သော စောင့်ကြည့်လေ့လာမှုနှင့် သုံးသပ်မှုများပြုလုပ်ခြင်းသည် နိုင်ငံတိုင်း၏ ကျား-မ တန်းတူညီရေးဆိုင်ရာ လုပ်ငန်းတိုးတက်မှုအတွက် အစိုးရ၏ တာဝန်ခံမှုမှာ အရေးကြီးသည့် အခြေခံဖြစ်သည်။ သို့သော် NSPAW ၏ အကောင်အထည်ဖော်မှုဆိုင်ရာ တိုင်းတာခြင်းနှင့် အစီရင်ခံခြင်းများကို အကျဉ်းချုပ် ဆွေးနွေးထားသော်လည်း အစိုးရအနေဖြင့် အဓိပ္ပာယ်ပြည့်ဝသော စတင် လုပ်ဆောင်မှုများ ရှိ/မရှိဆိုသည်မှာ ယခုချိန်အထိ ရှင်းလင်းမှု မရှိသေးပေ။

ဥပမာ အပိုဒ် ၂၄ (င) တွင် NSPAW စီမံခန့်ခွဲမှုကော်မတီသည် "လုပ်ငန်းများ အချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ အရည်အသွေး ပြည့်မီကောင်းမွန်စေရေး စောင့်ကြပ်ကြည့်ရှု စစ်ဆေးရန်နှင့် အစိုးရအဖွဲ့သို့ NSPAW နှစ်စဉ် အစီရင်ခံစာ ပေးပို့ရန် တာဝန်ယူရမည်" ဟု ဖော်ပြထားသည်။[၁၁] အပိုဒ် ၂၅ တွင် သတင်းပို့ အစီရင်ခံမှုအတွက် လမ်းညွှန်ချက်များနှင့် အစီရင်ခံစာ ပေးပို့ရမည့် အချိန်ကာလများကို သတ်မှတ်ရေးဆွဲသွားရန်လည်း ထည့်သွင်းဖော်ပြထားသည်။[၁၂]

ထို့ပြင် NSPAW စီမံခန့်ခွဲမှု လုပ်ငန်း ကော်မတီအနေဖြင့် "နှစ်စဉ်ပြန်လည်သုံးသပ်ရန်" လိုအပ်သည့် "စောင့်ကြပ်ကြည့်ရှုခြင်း စနစ်ကို" အသုံးပြုကာ "NSPAW ရည်ရွယ်ချက်များအတိုင်း တိုးတက်အောင်မြင်မှု ရှိ/မရှိနှင့် မည်သည့် အားထုတ် လုပ်ဆောင်မှုများသည် မျှော်မှန်းထားသော ရလဒ်များဆီသို့ မည်မျှ ရောက်ရှိနေသည်ကို" သုံးသပ်သွားရန်လည်း အပိုဒ် ၂၅ တွင် ဖော်ပြထားသည်။[၁၃]

လက်ရှိအခြေအနေတွင် သမ္မတရုံး (သို့မဟုတ်) အခြားတာဝန်ရှိရုံးဌာန တခုခုသို့ သတင်းပို့အစီရင်ခံမှုများ လုပ်ဆောင်မှုရှိ/မရှိမှာ ရှင်းလင်းမှု မရှိသေးသကဲ့သို့ မည်သည့် "စောင့်ကြပ်ကြည့်ရှုခြင်းစနစ်" ရေးဆွဲအကောင်ထည်ဖော်ပြီး/မပြီးနှင့် ၎င်းကို သုံးသပ်မှု ရှိ/မရှိမှာလည်း မရှင်းလင်းပေ။

11. *Id., Section 24(e).*
12. *Id., Section 25.*
13. *Id.*

အစိုးရ၏ အများပြည်သူများကို လူထုအသိပညာပေးရန် ပျက်ကွက်ခြင်း (သို့မဟုတ်) သတင်းအချက်အလက်ဖြန့်ဝေမှုမရှိခြင်း၊ အထူးသဖြင့် တိုင်းရင်းသူ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များကို ကိုယ်စားပြုသော လူမှုအဖွဲ့အစည်းများအကြား သတင်းအချက်အလက် ဖြန့်ဝေမှုမရှိခြင်းတို့သည် ရှိရင်းစွဲ ပြဿနာများကို ပိုမိုဆိုးရွားစေသည်။ သိသာထင်ရှားသည့်အချက်မှာ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များကို ကိုယ်စားပြုသော လူမှုအဖွဲ့အစည်းအများအပြားတို့မှ NSPAW မစတင်ခင်၊ စတင်မိတ်ဆက်ချိန်နှင့် မိတ်ဆက်ပြီးနောက်ပိုင်း ယခုအချိန်အထိ အစိုးရဆီမှ NSPAW နှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ လူထု အသိပညာပေးမှုများ မရရှိသေးကြောင်း တင်ပြကြသည်။

### အကြံပြုချက်များ

- အစိုးရအနေဖြင့် NSPAW စောင့်ကြပ်ကြည့်ရှုခြင်း၊ သုံးသပ်လေ့လာခြင်းနှင့်ပတ်သက်သော အခြေအနေများ၊ NSPAW အကောင်အထည်ဖော်မှု လုပ်ငန်းတိုးတက်လုပ်ဆောင်မှုဆိုင်ရာ အစိုးရ၏ လူထု အသိပေး ကြေညာမှုများအပါအဝင် သမ္မတရုံးသို့ တင်သွင်းသည့် NSPAW အကောင်အထည်ဖော်မှုဆိုင်ရာ နှစ်စဉ် အစီရင်ခံစာအခြေအနေများဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ပြန်ပေးရမည်။
- အစိုးရအနေဖြင့် NSPAW စီမံခန့်ခွဲမှုကော်မတီမှ ရေးဆွဲသည့် အစီရင်ခံစာ လမ်းညွှန်ချက်များနှင့် ပေးပို့ရမည့် အချိန်ကာလသတ်မှတ်ချက်များ၊ NSPAW ၏ "စောင့်ကြပ်ကြည့်ရှုခြင်းစနစ်" ရေးဆွဲမှု အခြေအနေနှင့် လူမှုအဖွဲ့အစည်းများ၏ ပါဝင်မှုအနေအထား အထူးသဖြင့် တိုင်းရင်းသူ အမျိုးသမီးများနှင့် အမျိုးသမီး ငယ်များကို ကိုယ်စားပြုသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်မှုအတွက် ကြိုးပမ်းဆောင်ရွက်မှု ရှိ/မရှိစသည်တို့နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ထုတ်ပြန်ရမည်။

(ဃ) အစိုးရသည ၊ NSPAW အကောင်အထည်ဖော်မှုအတွက် လိုအပ်သော ရန်ပုံငွေ လုံလောက်မှု ရှိစေရန်နှင့် အခြေခံဘတ်ဂျက် စီမံကိန်းပြင်ဆင်မှုများ လုပ်ဆောင်ရန် ပျက်ကွက်သည်။

NSPAW ၏ အပိုဒ် ၂၀ တွင် လုပ်ငန်းအကောင်အထည်ဖော်မှုအတွက် လိုအပ်သော ရန်ပုံငွေကို "အစိုးရ ဌာနများ" သာမကဘဲ "ပြည်တွင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂ UN လက်အောက်ခံ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအခြေပြု လူမှုအဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလ အလှူရှင်များ" အပါအဝင် များပြားကျယ်ပြန့်သော ဆက်စပ်ပါဝင်သူများဆီမှ "ထည့်ဝင်သော ငွေကြေး၊ နည်းပညာ အကူအညီ၊ ပစ္စည်းအကူအညီ" စသည်တို့ရရှိမည်ဟု ဖော်ပြထားသည်။[၁၄]

သို့သော် NSPAW အကောင်အထည်ဖော်မှုအတွက် ခန့်မှန်းကုန်ကျစရိတ်များနှင့် အခြေခံဘတ်ဂျက်ပြင်ဆင်မှုများဆိုင်ရာ အသေးစိတ်အချက်အလက်များ သိသိသာသာ လစ်ဟာနေသည်။ ၎င်းအစား ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်းနှင့် ပတ်သက်၍ အပိုဒ် ၂၁ ၏ မြန်မာဘာသာတွင် "နှစ်အလိုက် လိုအပ်သော ဘဏ္ဍာငွေ၊ လူအင်အားနှင့် ပစ္စည်းအရင်းအမြစ်တို့ကို ပူးပေါင်းဆောင်ရွက်မည့် အစိုးရ/အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ကျခံသုံးစွဲရန်" ဟူ၍လည်းကောင်း၊ အင်္ဂလိပ်ဘာသာတွင် "သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြည်ထောင်စု အစိုးရသို့ အဆိုပြုတင်သွင်းသွားမည်" ဟူ၍လည်းကောင်း ဖော်ပြထားသည်။[၁၅]

အပိုဒ် ၂၄ (ဃ) အောက်တွင် အစိုးရအနေဖြင့် "လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်ကာလ တလျှောက်လုံး" အတွက် "အရင်းအမြစ်သတ်မှတ်လျာထားမှု" အစီအစဉ်ကို ရေးဆွဲရမည်ဖြစ်ပြီး "(NSPAW အကောင် အထည်ဖော်မှုအတွက်) အစိုးရမှ လျာထားသတ်မှတ်သော ပမာဏကို ဖော်ပြရန်" လိုအပ်သကဲ့သို့ အလှူရှင်များနှင့် ပါဝင်ဆောက်ရွက်ပံ့ပိုးကြသော အဖွဲ့အစည်းများ၏ ထည့်ဝင်မည့်ပမာဏကိုလည်း ထုတ်ဖော်တင်ပြ ရမည်" ဟု ဖော်ပြထားသည်။[၁၆] သို့သော် အသေးစိတ် အချက်အလက်ကိုမူ ဖော်ပြထားခြင်း မရှိပေ။

ထို့အပြင် ကျား-မ တန်းတူရေးဆိုင်ရာ မဟာဗျူဟာများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတကာအသိုင်းအဝိုင်းတို့၏ ထောက်ပံ့မှုများ လိုအပ်မည်ဖြစ်သော်လည်း နိုင်ငံတကာမှ ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များ၏ စာရင်းများသာရှိပြီး ပြည်တွင်းမှ အရင်းအမြစ်မှာ လျာထားသတ်မှတ်ထားမှုများမရှိခြင်းသည် ကျား-မ တန်းတူရေး လက်တွေ့ဖော်ဆောင်ရာတွင် မြန်မာနိုင်ငံအစိုးရ၏ နိုင်ငံရေးစိတ်ဆန္ဒနှင့် ခံယူချက်များအပေါ် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာစေသည်။

### အကြံပြုချက်များ

- အစိုးရအနေဖြင့် NSPAW အကောင်အထည်ဖော်မှုအတွက် အစိုးရအဖွဲ့သို့ အဆိုပြုတင်သွင်းသော ဘဏ္ဍာငွေအဆိုပြုမှု အခြေအနေအပါအဝင် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ဘဏ္ဍာငွေအခြေအနေနှင့် ၎င်းအတွက် ပြင်ဆင်လုပ်ဆောင်မှုအခြေအနေအသေးစိတ်ကို ပြန်ကြားထုတ်ပြန်ရမည်။
- အစိုးရအနေဖြင့် NSPAW အကောင်အထည်ဖော်မှုအတွက် လိုအပ်သော ပြည်တွင်းဘဏ္ဍာငွေသတ်မှတ်လျာထား ချက်ဆိုင်ရာ အသေးစိတ်အချက်အလက်များကို ပြန်ကြားထုတ်ပြန်ရမည်။
- အစိုးရအနေဖြင့် NSPAW အကောင်ထည်ဖော်မှုအတွက် အလှူရှင်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ "ထည့်ဝင်သော ငွေကြေး၊ နည်းပညာအကူအညီ၊ ပစ္စည်းအကူအညီ" များ မည်မျှ လုံလောက်မှုရှိ မရှိနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ပြန်ကြားထုတ်ပြန်ရမည်။
- အစိုးရအနေဖြင့် NSPAW အကောင်အထည်ဖော်ဆောင်မှုအတွက် လျာထားသည့် ဘဏ္ဍာငွေပမာဏနှင့် အလှူရှင်များ၊ အခြားအဖွဲ့အစည်းများထံမှ ရယူရန် ရည်ရွယ်ထားသည့် ဘဏ္ဍာငွေပမာဏတို့ အပါအဝင် "NSPAW အရင်းအမြစ် သတ်မှတ်လျာထားမှုအစီအစဉ်" ရေးဆွဲနေမှု အခြေအနေဆိုင်ရာ အချက်အလက်များကိုလည်း ပြန်ကြားထုတ်ပြန်ရမည်။

14. Id., Section 20.
15. Id., Section 21.
16. Id., Section 24(d).

(င) အစိုးရအနေဖြင့် NSPAW ပြင်ဆင်ရေးဆွဲခြင်းနှင့် အကောင်အထည် ဖော်ဆောင်ရွက်မှုများတွင် တိုင်းရင်းသူအမျိုးသမီးများနှင့် အမျိုးသမီးငယ်များကို ကိုယ်စားပြုသော အရပ်ဘက်လူမှု အဖွဲ့အစည်းများ၏ ဖြည့်စွက် ချက်များနှင့် ပါဝင်မှုများ ရယူရန် ပျက်ကွက် ခဲ့သည်။

NSPAW ၏ အပိုဒ် ၂၄ (စ) တွင် NSPAW ၏ လုပ်ငန်း လည်ပတ်မှုများတွင် "အရပ်ဘက်လူမှု အဖွဲ့အစည်းများ" အပါအဝင် ကဏ္ဍအစုံမှအစိုးရအဖွဲ့အစည်းများ" ၏ ပူးပေါင်းဆောင်ရွက်မည်ဟု အစိုးရက ဖော်ပြထား သည်။[၁၇] သို့သော် NSPAW ၏ ဖွဲ့စည်းမှုပုံစံများ၊ ရည်ရွယ်ချက်များ နှင့်ပတ်သက်၍ တိုင်းရင်းသူ အမျိုး သမီးများနှင့် အမျိုး သမီးငယ်များကို ကိုယ်စားပြုသော အရပ်ဘက် လူမှု အဖွဲ့အစည်းများကို ညှိနှိုင်းတိုင်ပင်ခြင်း မရှိခဲ့သည့် အတွက် NSPAW ၏ အကောင်အထည် ဖော်ဆောင် ရွက်ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်းများ တွင် အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်နိုင်စေရန် အဟန့်အတား ဖြစ်စေသည်။

အထက်တွင် ဖော်ပြထားသည့်အတိုင်း အထူးသဖြင့် တိုင်းရင်းသူ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များကို ကိုယ်စားပြုသော အရပ်ဘက် လူမှုအဖွဲ့အစည်းများ အတွက် NSPAW နှင့်ပတ်သက်သည့် လူထု အသိ ပညာပေးမှုများ (သို့မဟုတ်) သတင်းအချက်အလက် ဖြန့်ဝေခြင်းများကို အစိုးရမှ ပြုလုပ်ခဲ့ခြင်းမရှိသည့် အတွက် ပြဿနာများကို ပိုမိုဆိုးရွားလာစေသည်။ NSPAW မတိုင်ခင်၊ ပြုစုရေးသားစဉ်နှင့် မိတ်ဆက် ထုတ်ဝေပြီး နောက်ပိုင်းတို့အားလုံးတွင် အစိုးရထံမှ NSPAW နှင့်ပတ်သက်သည့် လူထုအသိပညာပေးမှု များ (သို့မဟုတ်) သတင်းအချက်အလက် မျှဝေခြင်းများ လက်ခံရရှိခြင်းမရှိခဲ့ဟု ထိုလူမှုအသိုင်းအဝိုင်းအများစုမှ ထုတ်ဖော်ပြောဆိုကြသည်။

### အကြံပြုချက်များ

- အစိုးရအနေဖြင့် တိုင်းရင်းသူ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များကို ကိုယ်စားပြုသော အရပ်ဘက် လူမှုအဖွဲ့အစည်းများ NSPAW အကောင်အထည်ဖော်မှုနှင့် အကဲဖြတ် သုံးသပ်မှုများတွင် အဓိပ္ပာယ်ပြည့်ဝစွာ ပါဝင်လာနိုင်လာနိုင်စေမည့် အခွင့်အလမ်းများ အတွက် လုပ်ငန်းအဆင့်ဆင့်တို့ကို စီမံဆောင်ရွက်ရမည်။

17. Id., Section 24(f).

## အခြေခံပြဿနာ ၃။

## အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ NSPAW ၏ အသေးစိတ် ပြဿနာများ

(က) NSPAW သည် ပဋိပက္ခအတွင်း ကျား-မ အခြေပြု အကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံမှုများကို ကိုင်တွယ် ဖြေရှင်းရန် ပျက်ကွက်သည်။

မြန်မာနိုင်ငံ၏ ပဋိပက္ခနယ်မြေများတွင် အစိုးရက အားပေးအားမြှောက်ပြုသည့် လိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှုများကို မှတ်တမ်းအချက်အလက်များ ကျယ်ကျယ် ပြန့်ပြန့်ကောက်ယူထားသည်။[၁၈] မုဒိမ်းပြုကျင့်မှုများနှင့် အခြားနည်းမျိုးစုံဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကို အစီရင်ခံတင်ပြခဲ့ပြီး ၂၀၁၀ ခုနှစ်မှစ၍ စစ်တပ်မှ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အနည်းဆုံး ၁၁၈ မှုကို မှတ်တမ်းတင်ထားသည်။[၁၉] ၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း တနိုင်ငံလုံး အတိုင်းအတာ အနေ ဖြင့် မုဒိမ်းမှုပေါင်း အနည်းဆုံး ၈၇၅ မှုရှိခဲ့ပြီး ထိုအထဲမှ ၁၂၈ မှုသည် အသက် ၁၈ နှစ်အောက် အမျိုးသမီးငယ် များကို ကျူးလွန်သော အမှုများဖြစ်သည်။[၂၀]

NSPAW အနေဖြင့် ၎င်း၏ အခြေခံအုတ်မြစ်နှင့် ဖွဲ့စည်းပုံ သည် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ သတ်မှတ် ချက်ဘောင်များ အထူးသဖြင့် CEDAW နှင့် ဘီဂျင်း လုပ်ငန်းစီမံချက်အပေါ် အခြေခံထားသည်ဟုဆိုထား သည်။[၂၁] အမှန်တကယ်တွင် အထက်တွင် ဖော်ပြထား သည့်အတိုင်း NSPAW ၏ အဓိက ဦးစားပေး လုပ်ငန်း နယ်ပယ် ၁၂ ရပ်သည် ဘီဂျင်းလုပ်ငန်းစီမံချက်၏ အဓိက စိုးရိမ်ဖွယ်ရာ ဧရိယာ ၁၂ ရပ်နှင့် ဆက်စပ်နေသည်။[၂၂]

သို့သော် ဘီဂျင်းလုပ်ငန်းစီမံချက်တွင် အဓိက စိုးရိမ်ချက် အချက် ၅ ကို "အမျိုးသမီးနှင့် လက်နက်ကိုင် ပဋိပက္ခ" ဟု သတ်မှတ်ထားသော်လည်း NSPAW ၏ အဓိက ဦးစားပေးလုပ်ငန်းနယ်ပယ်တွင် "အမျိုးသမီးနှင့် အရေးပေါ်အခြေအနေများ" ဟု ဖော်ပြထားခြင်းသည် ပဋိပက္ခနှင့် ပတ်သက်ဆက်နွယ်သည့် အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် ကျူးလွန်သည့် အကြမ်းဖက် မှုများအတွက် မှန်ကန်သည့် လမ်းညွှန်မှုမရှိသည်မှာ ထင်ရှားနေသည်။[၂၃]

ပို၍ အသေးစိတ်ဖော်ပြရလျှင် NSPAW ၏ "အမျိုးသမီး များနှင့် အရေးပေါ်အခြေအနေများ" ခေါင်းစဉ်အောက် တွင် ပဋိပက္ခအတွင်း ကျူးလွန်ခံရသော မုဒိမ်းမှုများနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ အထူးသဖြင့် စစ်တပ်နှင့် လုံခြုံရေးအင်အားစုများမှ ကျူးလွန်သော အကြမ်းဖက်မှုများကို ကိုယ်တွယ်ဖြေရှင်းရန် လုပ်ငန်းစဉ် များအတွက် လက်တွေ့ကျသည့် လမ်းညွှန်မှုပေးထား ခြင်းမရှိပေ။[၂၄]

18. See U.N. Security Council, Conflict-Related Sexual Violence: Report of the Secretary General, U.N. Doc. S/2015/203 (Mar. 23, 2015), available at: http://www.securitycouncilreport.org/atf/cf/%7B65BFCF9B-6D27-4E9C-8CD3-CF6E4FF96FF9%7D/s_2015_203.pdf; Report of the Special Rapporteur on the situation of human rights in Burma to the Human Rights Council (Yanghee Lee), ¶ 48 U.N. Doc. A/HRC/31/71 (Mar. 18, 2016), available at: https://documents-dds-ny.un.org/doc/UNDOC/GEN/G16/055/13/PDF/G1605513.pdf.
19. Women's League of Burma, IF THEY HAD HOPE THEY WOULD SPEAK: THE ONGOING USE OF STATE-SPONSORED SEXUAL VIOLENCE IN BURMA'S ETHNIC COMMUNITIES (2014), available at: http://womenofburma.org/if-they-had-hope-they-would-speak/.
20. Global Justice Center and Leitner Center for International Law and Justice, PROMISES NOT PROGRESS: BURMA'S NATIONAL PLAN FOR WOMEN FALLS SHORT OF GENDER EQUALITY AND CEDAW (2015), page 71, available at: http://www.leitnercenter.org/files/GJC_final_v3.pdf (citing International Center for Transitional Justice, IMPUNITY PROLONGED: BURMA AND ITS 2008 CONSTITUTION (2009), at page 14, available at: https://ictj.org/sites/default/files/ICTJ-Burma-Impunity-Constitution-2009-English.pdf); see also Women's League of Burma, SAME IMPUNITY, SAME PATTERNS (2014), at page 12, available at: http://womenofburma.org/wp-content/uploads/2014/01/SameImpunitySamePattern_English-final.pdf.
21. NSPAW, Preface and Section 6.
22. Id.
23. Id., Section 11.
24. Id., Section 11(c)(1).

ဥပမာ NSPAW ၏ "အမျိုးသမီးများနှင့် အရေးပေါ် အခြေအနေများ" ခေါင်းစဉ်အောက်တွင် "သင်တန်း၊ နည်းပညာ အထောက်အကူ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ရဲ၊ စစ်တပ်နှင့် ဒေသခံအာဏာပိုင်များ၏ မှတ်တမ်းတင်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းများ ပိုမိုကောင်းမွန်လာစေရန်" တို့အတွက် ထောက်ပံ့ ရန် ဖော်ပြထားသော်လည်း မုဒိမ်းမှုနှင့် အခြားနည်းမျိုးစုံဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကိုင်တွယ် ဖြေရှင်းရာတွင် ခက်ခဲသည့် စိန်ခေါ်မှုများကို အသိအမှတ်ပြုထားခြင်း မရှိပေ။[၂၅]

ထို့ပြင် "အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေများ" ခေါင်းစဉ်အောက်တွင် "လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအတွက် လုံခြုံရေးကောင်စီမှ ပြဋ္ဌာန်းချက်များအား အရေးယူဆောင်ရွက်ခြင်းကို "အကောင်အထည်ဖော်ဆောင်ရွက်ခြင်း" တွင် ဖော်ပြထားသော်လည်း ထိုလုပ်ငန်းအစီအစဉ် အတည်ပြုခြင်း (သို့မဟုတ်) အကောင်အထည်ဖော်ရန် ဘဏ္ဍာငွေ လျာထားသတ်မှတ်ခြင်း ပြုလုပ်ရန် မဆိုထားနှင့်၊ အစိုးရမှ ပြုစုရေးသားရန် လမ်းညွှန်ထားခြင်း လုံးဝမရှိပေ။

ပိုဆိုးသည်မှာ "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု" အပါအဝင် NSPAW ၏ အခြားအပိုင်းများတွင် ကျား-မ အခြေပြု အကြမ်းဖက်မှုကို အထွေထွေ အရေးကိစ္စအဖြစ် ဖော်ပြထားသော်လည်း ပဋိပက္ခအတွင်းနှင့် ပဋိပက္ခလွန်ကာလများအတွင်း ဖြစ်ပွားသည့် မုဒိမ်းမှုနှင့် အခြားနည်းမျိုးစုံသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အကြောင်း တကြိမ်မျှပင် ကိုးကားဖော်ပြထားခြင်း မရှိပေ။

## အကြံပြုချက်များ

- NSPAW သည် လွန်စွာ အရေးပါသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပါအဝင် ပဋိပက္ခအတွင်း ဖြစ်ပွားသော ကျား-မ အခြေပြု အကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံမှုများ အကြောင်းကို အဓိပ္ပါယ်ရှိရှိ ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်သည့်အတွက် မြန်မာနိုင်ငံ၏ တိုင်းရင်းသူအမျိုးသမီးများနှင့် အမျိုးသမီးငယ်များ ရင်ဆိုင်နေရသည့် အရေးကြီးသည့် အကြောင်းအရာများကို လစ်လျူရှုနေသည်။
- NSPAW ၏ အဓိကဦးစားပေး လုပ်ငန်းနယ်ပယ် ၁၂ ရပ်ထဲမှ တရပ်ကို "အမျိုးသမီးများနှင့် လက်နက်ကိုင်ပဋိပက္ခများ" အစား "အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေများ" ဆိုသည့် ခေါင်းစဉ် ပေးခြင်းသည် အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခကို လုံးဝ အသိအမှတ်မပြုဘဲ၊ ဘီဂျင်းလုပ်ငန်းစီမံချက်နှင့် အခြား နိုင်ငံတကာ ဥပဒေမူဘောင်များကို တလွဲ အဓိပ္ပါယ်ကောက်ယူခြင်းဖြင့် ကျား-မ အခြေခံပြု အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုတို့ကို လိုလိုလားလား လစ်လျူရှုထားသော်လည်း ကျား-မ တန်းတူရေး အတွက် ကြိုးပမ်းဆောင်ရွက်နေဟန် မှားယွင်းသည့် ရုပ်သဏ္ဍာန်ကို ဖော်ပြနေသည်။
- အစိုးရ၏ နိုင်ငံတကာ ဥပဒေမူဘောင်များ၏ ဂုဏ်အင်္ဂါသွင် ပြင်လက္ခဏာများအပေါ် တိကျမှန်ကန်မှု မရှိခြင်းနှင့် ထင်ယောင်ထင်မှားဖြစ်အောင် တလွဲ ပုံဖော်နေခြင်းသည် အပြည်ပြည်ဆိုင်ရာ ကျား-မ တန်းတူ ရေးအခြေခံမှုများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစိုးရ၏ တာဝန်ဝတ္တရားများ၏ လေးနက်မှုတို့ ယိုယွင်းပျက်စီးစေသည်။

### (ခ) NSPAW သည် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်သူများ ပြစ်ဒဏ်မှ ကင်းလွတ်နေခြင်းကို အပြည့်အဝ ကိုယ်တွယ်ဖြေရှင်းရန် ပျက်ကွက်သည်။

မြန်မာနိုင်ငံတွင် ပြစ်မှုကျူးလွန်သူများကို အကာအကွယ်ပေးနေသည့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးထားသည့် ယဉ်ကျေးမှုတရပ်ကြောင့် အစိုးရအားပေးအားမြှောက်ပြုထားသည့် ပဋိပက္ခအတွင်းဖြစ်ပွားသည့် မုဒိမ်းပြုကျင့်မှုများနှင့် အခြားနည်းမျိုးစုံဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ဖြစ်ပွားစေသည်။ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်၏ မှတ်ချက်အရ "မုဒိမ်းမှုများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကျူးလွန်သူများကို စုံစမ်းစစ်ဆေးခြင်း၊ ဖမ်းဆီးအရေးယူခြင်းနှင့်  ပြစ်ဒဏ်ချမှတ်ခြင်းများ မရှိခြင်းသည် အမျိုးသမီးနှင့် အမျိုးသမီးငယ်များအပေါ် အကြမ်းဖက်မှုကျူးလွန်ခွင့်ရသည့် လူမှုပတ်ဝန်းကျင် ဖြစ်စေရန် တွန်းအားပေးနေသည်။[၂၆] ပြည်တွင်း ဥပဒေစနစ်များ၏ ဖွဲ့စည်းတည်ဆောက်မှု အလွန်အားနည်း ယိုယွင်းနေခြင်းကြောင့် ထိုကဲ့သို့သော ပျက်ကွက်မှုများ ဖြစ်ပေါ်စေသည်။

၎င်းတို့အထဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၄၄၅ တွင် အစိုးရအာဏာပိုင်များကို "တာဝန်အရ ဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျက် ယင်းတို့အား တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ" ဟူသည့် ပြဋ္ဌာန်းချက်ကို မြန်မာနိုင်ငံ လူ့အခွင့် အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်မှ "အစိုးရအာဏာပိုင်များကို အကြွင်းမဲ့ လွတ်ငြိမ်းချမ်းသာ ခွင့်ပေးထားခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် တာဝန်ခံမှုပုံစံနှင့် ဆန့်ကျင်နေသည်" ဟု ထောက်ပြခဲ့သည်။[၂၇]

ထို့အပြင် တပ်မတော်အား တရားစီရင်ရေးဆိုင်ရာ ဖြစ်စဉ်တရပ်လုံးကို လွှမ်းမိုးနိုင်သည့် ပြဋ္ဌာန်းချက်နှင့် ပြစ်မှုနှင့် တိုင်တန်းချက်များအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် "အပြီးအပြတ်" ဖြစ်သည်ဟူသော ပြဋ္ဌာန်းချက်များဖြင့် ပြစ်ဒဏ်များမှ ကင်းလွတ်ခွင့်ပေးနေခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေက ပိုမို ခိုင်မာစေခြင်းအပြင် တပ်မတော်သားများမှ ကျူးလွန်ခဲ့သည့် မုဒိမ်းမှုနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်း  ဖက်မှုများအပါအဝင် ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အမှုများအားလုံးကို တပ်မတော်မှ ထိန်းချုပ်ထားသည့် တရားစီရင်ရေးစနစ်၏ စီရင်ပိုင်ခွင့်အာဏာများတွင် ထည့်သွင်းထားလိုက်ခြင်း ဖြစ်ပါသည်။[၂၈]

ထိုထက်ပို၍ ဆိုးရွားစေသည့် အချက်များမှာ မြန်မာနိုင်ငံ ရာဇသတ်ဥပဒေ၊ ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် သက်သေခံ အက်ဥပဒေများ ကဲ့သို့သော ခေတ်မမီတော့သည့် ကိုလိုနီခေတ် ဥပဒေများ၏ ချို့ယွင်းချက်များသည် မုဒိမ်းမှုများနှင့် အခြားနည်းမျိုးစုံဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းမှုများကို အထွေထွေ ကိစ္စရပ် တခုအဖြစ်ဖော်ပြခြင်းသည် ကြီးမားသည့် စိန်ခေါ်မှုများ ဖြစ်စေသည်။

NSPAW သည် ပဋိပက္ခအတွင်းဖြစ်ပွားသော မုဒိမ်းမှုများနှင့် အခြားနည်းမျိုးစုံဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများအတွက်၊ အထူးသဖြင့် စစ်တပ်နှင့် လုံခြုံရေးအင်အားစုများမှ ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများကို ရင်ဆိုင်ခဲ့ရသူများအတွက် တရားမျှတမှု ရရှိရန် တရားဥပဒေဆိုင်ရာ အခက်အခဲများနှင့် ပါတ်သက်၍ အဓိပ္ပာယ်ပြည့်ဝစွာ ဖော်ပြမှု လုံးဝမရှိပေ။

25. *Id.*

26. *Global Justice Center and Leitner Center for International Law and Justice, PROMISES NOT PROGRESS: BURMA'S NATIONAL PLAN FOR WOMEN FALLS SHORT OF GENDER EQUALITY AND CEDAW, page 72 (citing Report of the Special Rapporteur on the situation of human rights in Burma to the General Assembly (Paulo Sergio Pinheiro), ¶ 30, U.N. Doc. A/61/369 (Sept. 26, 2006), available at: http://www.securitycouncilreport.org/atf/cf/%7B65BFCF9B-6D27-4E9C-8CD3-CF6E4FF96FF9%7D/Myan%20A61%20369.pdf).*
27. *Constitution of the Republic of the Union of Burma (2008); Report of the Special Rapporteur on the situation of human rights in Burma to the General Assembly (Tomás Oeja Quintana), ¶ 55, U.N. Doc. A/64/318 (Aug. 24, 2009), available at: https://documents-dds-ny.un.org/doc/UNDOC/GEN/N09/491/51/PDF/N0949151.pdf.*
28. *Constitution of the Republic of the Union of Burma (2008), Article 343.*

ဥပမာ NSPAW သည် အစိုးရက အားပေးအားမြှောက်ပြုသည့် ပဋိပက္ခအတွင်း ဖြစ်ပွားနေသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအတွက် ကင်းလွတ်ခွင့်ရနေသည့် ယဉ်ကျေးမှုတရပ်ကို ပပျောက်စေရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို  ပြင်ဆင်ရန် (သို့မဟုတ်) လက်ရှိ ပြည်တွင်း ဥပဒေဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှု ပုံစံများ (သို့မဟုတ်) လည်ပတ်မှုယန္တရားများကို ပြင်ဆင်ပြောင်းလဲရန် မည်သည့် အကြံပြုချက်မှ ပေးထားခြင်းမရှိပါ။

နိုင်ငံတကာဥပဒေများနှင့် CEDAW ကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်မှု ယန္တရားများ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ ပဋိပက္ခနှင့် ပဋိပက္ခနောက်ပိုင်း အခြေနေများတွင် ကျူးလွန်ခံရသူများအတွက် တရားမျှတမှုအတွက် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ကျူးလွန်သူများကို ပြည့်ပြည့်ဝဝ တာဝန်ခံစေရန် ထိရောက်သော တရားဥပဒေ ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု ယန္တရားများနှင့် လုပ်ဆောင်ချက်များ အပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ရင်ဆိုင်ခဲ့ရသော အမျိုးသမီးများအတွက် အသေးစိတ် ကုစားပေးမှုများ၊ ကုထုံးများ အများအပြား လိုအပ်ပေသည်။[၂၉]

မြန်မာနိုင်ငံရှိ ကျား-မ တန်းတူရေးဆိုင်ရာ မူဘောင်တခု ဖြစ်သည့် NSPAW သည် ဤအရေးကြီးသည့် စံနှုန်းများ ပြည့်မီမှုမရှိသည့်အပြင် နိုင်ငံ၏ တရားရေးစနစ်အောက်တွင် တရားမျှတမှု ရှာဖွေရန် အခြေခံကျသည့် ဤကဲ့သို့သော အခက်အခဲစိန်ခေါ်မှုများကို ဖော်ပြခြင်းမရှိသည့်အတွက် ပဋိပက္ခအတွင်း ဖြစ်ပွားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် ဆက်လက်ဖြစ်ပေါ်နေဦးမည် ဖြစ်ပြီး ပို၍ပင် ဆိုးရွားလာစေနိုင်သည်။

## အကြံပြုချက်များ

- NSPAW သည် ပဋိပက္ခတွင်း မုဒိမ်းပြုကျင့်ခြင်းနှင့် အခြားနည်းမျိုးစုံဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ရင်ဆိုင်ခဲ့ရသူများ အထူးသဖြင့် စစ်တပ် (သို့မဟုတ်) လုံခြုံရေး အင်အားစုများက ကျူးလွန်ခဲ့သည့် အမှုများအတွက် တရားမျှတမှုရှာဖွေရာတွင် အဟန့်အတားဖြစ်စေသည့် ဥပဒေဆိုင်ရာ အခက်အခဲ စိန်ခေါ်မှုများ ဖယ်ရှားနိုင်ရန်ကဲ့သို့သော အရေးကြီးသည့် ပဋိပက္ခအတွင်းဖြစ်ပွားသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အကြောင်း ဖော်ပြရန် ပျက်ကွက်သည်။
- NSPAW တွင် ဤကဲ့သို့သော အရေးကြီးသည့် ပဋိပက္ခအတွင်းဖြစ်ပွားသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအကြောင်း ချန်လှပ်ထားခြင်းဖြင့် အစိုးရသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် မုဒိမ်းမှုနှင့် အခြားနည်းမျိုးစုံဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်သော စစ်တပ်ကို ၎င်းတို့ ကျူးလွန်ထားသော ပြစ်မှုများအပေါ် တာဝန်ခံမှုမှ ကာကွယ်ပေးနေပြီး ပြစ်ဒါဏ်မှ ကင်းလွတ်ခွင့်ပြုသော ယဉ်ကျေးမှုတရပ်ကို ပိုမိုအားကောင်းလာစေရန် အထောက်အကူပြုနေသည်။
- NSPAW သည် ယေဘုယျအားဖြင့် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားနေခြင်းနှင့် ထိုပဋိပက္ခ၏ အတိမ်အနက်တို့ကို မသိကျိုးကျွန်ပြုခြင်းနှင့် အသိအမှတ်မပြုခြင်းသည် အစိုးရနှင့် ပဋိပက္ခတွင် ပါဝင်နေကြသည့် အစိုးရနှင့် အဖွဲ့အစည်းများအားလုံး လက်နက်ကိုင် ပဋိပက္ခရပ်တန့်ကြရန် တောင်းဆိုနေသူများ၏ အသံများကို တားဆီးပိတ်ပင်ရာ ရောက်စေသည်။
- အစိုးရအနေဖြင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို နိုင်ငံတော်အဆင့် ကျား-မ တန်းတူညီမျှမှု ပြဿနာတရပ်အဖြစ် ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်စေရန် အလို့ငှာ အစိုးရက အားပေးအားမြှောက်ပြုထားသော ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်သူများ ပြစ်ဒါဏ်မှ ကင်းလွတ်ခွင့်ပြုနေသည့် ယဉ်ကျေးမှုတရပ်ကို ပပျောက်စေနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (သို့မဟုတ်) လက်ရှိ ပြည်တွင်းဥပဒေဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုပုံစံများ (သို့မဟုတ်) လည်ပတ်မှု ယန္တရားများကို ပြင်ဆင်ပြောင်းလဲရန် NSPAW က အဆိုပြုတင်ပြရန် လိုအပ်ပေလိမ့်မည်။

(ဂ) NSPAW သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တိုင်းရင်းသူ အမျိုးသမီးများ ပိုမိုပါဝင်လာစေရေးအတွက် လိုအပ်ချက်များကို အဓိပ္ပါယ်ရှိရှိ ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်သည်။

မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးဆွေးနွေးမှုများနှင့် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ခေတ်အဆက်ဆက် ဖယ်ကြဉ်ခံထားရသည်ကို ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုထားပြီးဖြစ်သည်။ ဥပမာ "အမျိုးသမီးများသည် စေ့စပ်ညှိနှိုင်းရေးအဖွဲ့များတွင် ပါဝင်ခွင့်မရှိသည့်အပြင် ထိရောက်စွာ ဖယ်ကြဉ်ခြင်းခံနေရကြောင်း" လူ့အခွင့်အရေး အထူးကိုယ်စားလှယ် တွေ့ရှိခဲ့သည်။[၃၀] ဤအခြေအနေသည် ပဋိပက္ခလွန်ကာလများတွင် အမျိုးသမီးများ ပါဝင်ရန် လိုအပ်သည်ဆိုသည့်အချက်ကို ဖြည့်ဆည်းပေးရမည့် CEDAW နှင့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်များ ကဲ့သို့သော နိုင်ငံတကာ တာဝန်ဝတ္တရားများနှင့် မြန်မာနိုင်ငံ အနေဖြင့် တိုက်ရိုက် ဆန့်ကျင်နေသည်။[၃၁]

ကျယ်ပြန့်သည့် မှတ်တမ်းများအရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများကို ဖယ်ကြဉ်ထားခြင်းအားဖြင့် အမျိုးသမီးများနှင့်သက်ဆိုင်သည့် ပဋိပက္ခဆိုင်ရာ ကိစ္စရပ်များ ထည့်သွင်းဆွေးနွေးခြင်းများ မရှိသောကြောင့် ငြိမ်းချမ်းရေး သဘောတူညီချက်တွင်လည်း ထည့်သွင်းခြင်းမရှိပဲ အမျိုးသမီးများကို နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးများတွင် ဘေးဖယ်ထားခြင်းကို ပိုမိုဆိုးရွားလာစေသည့်အတွက် ပြင်ဆင်၍မရသည့် ရေရှည်နစ်နာဆုံးရှုံးမှုများကို ဖြစ်စေသည်။

ဤအခြေအနေများကြောင့်ပင် NSPAW သည် နိုင်ငံတကာဥပဒေအရ တာဝန်ဝတ္တရားများကို ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရန် လိုအပ်သည် ဟူသည့် သဘောထား ရပ်တည်ချက် ချမှန်ရန် ရှောင်ကြဉ်နေသည်။

အမျိုးသမီးများ၏ ပါဝင်မှု ပိုမိုမြင့်မားလာစေရေးအတွက် တောင်းဆိုထားသော NSPAW ၏ အပိုဒ်များ အားလုံးတွင်လည်း ငြိမ်းချမ်းရေး တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင်ပါ အကြုံးဝင်သည်ဟု တစုံတရာ  ဖော်ညွှန်းထားခြင်းမရှိပေ။ အရေးကြီးလှသည့် ဤကဲ့သို့သော တွေ့ဆုံဆွေးနွေးမှုများတွင် အမျိုးသမီးများ အဓိပ္ပာယ်ပြည့်ဝစွာ ပါဝင်မှု မရှိနေသည့် အခြေအနေများကို ဖြေရှင်းခြင်းမရှိပါက အမျိုးသမီးများ၏ အသံများသည် ဆက်လက် တိတ်ဆိတ်ကာ ဖယ်ကြဉ်ခံနေရဆဲ ဖြစ်ပေမည်။

29. See Committee on the Elimination of Discrimination against Women, General Recommendation No. 30 on Women in Conflict Prevention, Conflict and Post-Conflict Situations, U.N. Doc. CEDAW/C/GC/30 (2013), available at: http://www.ohchr.org/Documents/HRBodies/CEDAW/GComments/CEDAW.C.CG.30.pdf; U.N. Security Council Resolution 1325, U.N. Doc. S/RES/1325 (Oct. 31, 2000), available at: http://www.refworld.org/docid/3b00f4672e.html.

30. Report of the Special Rapporteur on the situation of human rights in Burma to the General Assembly (Yanghee Lee), ¶ 58, U.N. Doc. A/70/412 (Oct. 6, 2015), available at: https://undocs.org/A/70/412.

31. See UN Committee on the Elimination of Discrimination Against Women (CEDAW), General recommendation No. 30 on women in conflict prevention, conflict and post-conflict situations, 18 December 2013, CEDAW/C/GC/30, available at: http://www.ohchr.org/Documents/HRBodies/CEDAW/GComments/CEDAW.C.CG.30.pdf; U.N. Security Council Resolution 1325, U.N. Doc. S/RES/1325 (Oct. 31, 2000), available at: http://www.refworld.org/docid/3b00f4672e.html; U.N. Security Council Resolution 1889, U.N. Doc. S/RES/1889 (Oct. 5, 2009), available at: https://www.un.org/ruleoflaw/files/4acdd8512.pdf.

## အကြံပြုချက်များ

- NSPAW သည် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများနှင့် အသွင်ကူးပြောင်းရေးဖြစ်စဉ်များတွင် အမျိုးသမီးများ အထူးသဖြင့် တိုင်းရင်းသူအမျိုးသမီးများ ပါဝင်လာရန် ကန့်သတ်ထားခြင်းများ အပါအဝင် ပဋိပက္ခအခြေအနေများတွင် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ ရင်ဆိုင်ကြရသည့် အကြောင်းအရာများကို ထည့်သွင်းစဉ်းစားရန် ပျက်ကွက်သည်။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွင်းမှ အမျိုးသမီးများကို ဖယ်ကြဉ်မှုများ ဆက်လက်ဖြစ်ပွားနေစေခြင်းနှင့် အစိုးရ၏ NSPAW တွင် ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်ခြင်းတို့သည် ပဋိပက္ခ ဖြစ်ပွား နေသည့် နယ်မြေများမှ တိုင်းရင်းသူအမျိုးသမီးများ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးများတွင် ပါဝင်လာနိုင်စေရန် ဖယ်ကြဉ်နေခြင်းများကို အားပေးအားမြှောက်ပြုရာရောက်သည်။

### (ဃ) NSPAW သည် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အမှတ် ၁၃၂၅ ၏ နိုင်ငံတော်အဆင့် ဆောင်ရွက်မှု စီမံကိန်းအတွက် အနိမ့်ဆုံး စံနှုန်းသတ်မှတ်ချက်ကိုပင် ပြည့်မှီနိုင်ခြင်းမရှိပေ။

နိုင်ငံတကာလူ့အခွင့်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများအရ အစိုးရသည် ပဋိပက္ခအတွင်းနှင့် ပဋိပက္ခလွန် (သို့မဟုတ်) အသွင်ကူးပြောင်းရေးကာလ အခြေအနေတွင် ကျား-မ အခြေပြု အကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံမှုများကို ထည့်သွင်းဖော်ပြ ကိုင်တွယ်ဖြေရှင်းရန် တာဝန်ရှိသည်။ ထိုဥပဒေများတွင် CEDAW နှင့် CRC ကဲ့သို့သော သဘောတူစာချုပ်အရ အစိုးရ၏ အကောင်အထည်ဖော်ရန် တာဝန်ဝတ္တရားများအပြင် "အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ကိစ္စရပ်များအတွက် စည်းရုံးလှုံ့ဆော်ရေး ပိုမိုကောင်းမွန် လာစေရန်အတွက် နိုင်ငံရေးမူဘောင်" ကဲ့သို့သော ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များလည်း ပါဝင်သည်။

အထူးသဖြင့် ၂၀၀၀ ခုနှစ်တွင် အတည်ပြုချမှတ်ခဲ့သည့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ က "ပဋိပက္ခတွင် ပါဝင်နေသည့် အဖွဲ့အစည်းများ အားလုံးကို ပဋိပက္ခအခြေအနေများတွင် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအား ကျား-မ အခြေပြု အကြမ်းဖက်မှုများ၊ အထူးသဖြင့် မုဒိမ်းမှုနှင့် အခြားနည်းမျိုးစုံသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအန္တရာယ်များမှ အထူးပြု အကာအကွယ်ပေးရန်" နှင့် ပစ်မှုကျူးလွန်သူများကို အရေးယူဆောင်ရွက်ရန် တိုက်တွန်းထားသည်။

၂၀၀၀ ခုနှစ်ကတည်းကပင် လုံခြုံရေးကောင်စီသည် "အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး" အစီအစဉ်၏ အစိတ်အပိုင်းများအဖြစ် အခြား ဆုံးဖြတ်ချက် ၆ ခုကို အတည်ပြုချမှတ်ခဲ့သည်။ ပဋိပက္ခလွန် ကာလ အပါအဝင် ပဋိပက္ခအတွင်းရှိ အမျိုးသမီးများကို ကာကွယ်ရန်နှင့် ပစ်မှုကျူးလွန်ခြင်း ခံခဲ့ရသူများအတွက် ပြန်လည်ကုစားပေးခြင်းများ ကိုဆောင်ရွက်ပေးရန်မှာ အစိုးရတို့၏ တာဝန်ဝတ္တရားများ ဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုခဲ့သည်။

အရေးအကြီးဆုံးအချက်မှာ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အရေးကိစ္စ၏ အချက်အခြာအကျဆုံး အစိတ်အပိုင်းဖြစ်သော ၁၃၂၅ အမျိုးသားစီမံကိန်းကြီးကို ရေးဆွဲပြဋ္ဌာန်းခြင်းဖြင့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ပါ တာဝန်ဝတ္တရားများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အစိုးရများကို တိုက်တွန်းထားသည်။

NSPAW ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အရေးကိစ္စအတွက် လိုက်လျောညီထွေမှုရှိသော ၁၃၂၅ အမျိုးသားအဆင့် စီမံကိန်းအဖြစ် ယူဆရန် မသင့်သလို၊ ယူဆ၍လည်း မရပေ။ အထက်တွင် ဖော်ပြထားသည့်အတိုင်း NSPAW ကို ဖွဲ့စည်းတည်ဆောက်ရာတွင် အစိုးရအနေဖြင့် ပဋိပက္ခအခြေအနေများအတွင်းရှိ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ ရင်ဆိုင်နေရသော အကြောင်းအရာများကို တိကျသေချာစွာ ကိုင်တွယ်ဖြေရှင်းရန် စနစ်တကျ ရှောင်ရှားခဲ့သည်ဟု ယူဆရသည်။

NSPAW ၏ အဓိကဦးစားပေး လုပ်ငန်းနယ်ပယ် ၁၂ ရပ်ထဲမှ တရပ်ကို "အမျိုးသမီးများနှင့် လက်နက်ကိုင်ပဋိပက္ခများ" အစား "အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေများ" ဆိုသည့် ခေါင်းစဉ်ပေးခြင်းသည် အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခကို လုံးဝအသိအမှတ်မပြုဘဲ၊ ဘီဂျင်း လုပ်ငန်းစီမံချက်နှင့် အခြား နိုင်ငံတကာ ဥပဒေမူဘောင်များကို တလွဲ အဓိပ္ပါယ်ကောက်ယူခြင်းဖြင့် ကျား-မ အခြေခံပြု အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုတို့ကို လိုလိုလားလား လစ်လျူရှုထားသော်လည်း ကျား-မ တန်းတူရေးအတွက် ကြိုးပမ်းဆောင်ရွက်နေဟန် မှားယွင်းသည့် ရုပ်သဏ္ဌာန်ကို ဖော်ပြနေသည်။

ထို့ပြင် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းရန် NSPAW ၏ "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု" နှင့် "အမျိုးသမီးများနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်း" စသည့် အဓိက ဦးစားပေး လုပ်ငန်းနယ်ပယ်များတွင် ထည့်သွင်းရန် အခွင့်အလမ်းရှိခဲ့သော်လည်း ထိုကဏ္ဍများတွင် တိုင်းရင်းသူ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ ရင်ဆိုင်နေရသည့် ပဋိပက္ခနှင့်သက်ဆိုင်သော အရေးကိစ္စများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်သည်။

အပိုဒ် ၁၁ (ဂ) (၁) တွင် NSPAW ကိုယ်တိုင် "ပဋိပက္ခနှင့်ဆက်စပ်နေသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအတွက် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကို အရေးယူဆောင်ရွက်ရန် စီမံကိန်း" တခု ရေးဆွဲရန် တိုက်တွန်းထားသော်လည်း "စီမံကိန်း" ကို မည်သည့် အချိန်တွင် မည်သို့ ရေးဆွဲမည်၊ မည်သည့် ဆောင်ရွက်လှုပ်ရှားမှုများ ပါဝင်မည်နှင့် အကောင်အထည်ဖော်မှုအတွက် အစိုးရက မည်သို့ တာဝန်ခံသွားမည် စသည့် အသေးစိတ် အချက်အလက်များကို ဖော်ပြထားခြင်း မရှိပေ။[32]

အစိုးရနှင့် အခြားနိုင်ငံတကာလေ့လာသုံးသပ်သူများမှ အကြံပြုထားသော်လည်း NSPAW ကို မြန်မာနိုင်ငံ၏ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းပေးမည့် ၁၃၂၅ အမျိုးသားလှုပ်ရှားမှုစီမံကိန်းအဖြစ် ယူဆ၍မရသည့်အတွက် အစိုးရနေဖြင့် ဤစိန်ခေါ်မှုများကို အခြားနည်းလမ်းများဖြင့် ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။

## အကြံပြုချက်များ

- NSPAW ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အရေးကိစ္စနှင့် လိုက်လျောညီထွေမှုရှိသော ၁၃၂၅ အမျိုးသားအဆင့် ဆောင်ရွက်မှုစီမံကိန်းတခုအဖြစ် ယူဆနိုင်ခြင်းမရှိ၊ ယူဆခြင်းလည်း မပြုသင့်သည့်အတွက် အစိုးရနှင့် နိုင်ငံတကာစောင့်ကြည့် လေ့လာသူများအနေဖြင့် NSPAW ကို ၁၃၂၅ အမျိုးသားအဆင့် လှုပ်ရှားမှုစီမံကိန်းအဖြစ် ဖော်ပြပြောဆိုခြင်းများ မပြုသင့်ပေ။
- အစိုးရအနေဖြင့် ပဋိပက္ခကာလအတွင်း အကြမ်းဖက်မှုများမှ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များကို ကာကွယ်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းများ ရေးဆွဲခြင်းအပါအဝင် ပဋိပက္ခဆိုင်ရာ ဆုံးဖြတ်ချက်များ၊ စီမံခန့်ခွဲမှုများနှင့် ကာကွယ်မှုများဆိုင်ရာ ဆုံးဖြတ်ချက်ချမှုများတွင် အမျိုးသမီးများ ပါဝင်ရေးနှင့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၃၂၅ အောက်ရှိ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအကြောင်းအရာနှင့် ဆက်စပ်သော အခြားလုပ်ဆောင်မှု ယန္တရားများကို လုပ်ဆောင်ရမည့် ၎င်း၏ တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည့်စုံခြုံငုံသော အမျိုးသားအဆင့် ဆောင်ရွက်မှုစီမံကိန်းတရပ်ကို ရေးဆွဲအကောင်အထည်ဖော်ရန်အတွက် တိုးမြှင့်ကြိုးစားအားထုတ်ရမည်။

32. *NSPAW Section 11(c)(1).*

# ၃။ နိဂုံးချုပ် လေ့လာတွေ့ရှိချက်များ

အထက်ဖော်ပြပါ လေ့လာသုံးသပ်ချက်များအရ NSPAW ပါ အချက်အလက်များသည် ရည်မှန်းချက်ကြီးမား သော်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အဓိပ္ပါယ် ပြည့်ဝသည့် အကဲဖြတ် သုံးသပ်ရန် စံချိန်စံနှုန်း သတ်မှတ်ချက်များ ရှင်းလင်း တိကျစွာ လမ်းညွှန်ထားခြင်းမရှိဘဲ ဝေဝါးနေသည်။

ထို့ပြင် NSPAW သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဆယ်စုနှစ်များစွာသော ပြည်တွင်းစစ်ပဋိပက္ခ၊ တပ်မတော်၏ အာဏာ ဆက်လက်လွှမ်းမိုးနေမှုနှင့် ခေတ်နှင့်လိုက်လျော ညီထွေမှုမရှိတော့သော ဥပဒေများနှင့် တရားဥပဒေဆိုင်ရာ မူဘောင်များအပါအဝင် ကျား-မ တန်းတူရေး ဖော်ဆောင်မှုကို နှောက်ယှက် ဟန့်တားနေသည့် အတားအဆီးများအား ထိထိမိမိ ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်နေသည်။ မြန်မာနိုင်ငံတွင် ပြီးပြည့်စုံသည့် တန်းတူညီမျှရေးကို ဖော်ဆောင်နိုင်ရန် ထိုအချက်များအားလုံးကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်။

အကောင်းဆုံးအနေဖြင့် NSPAW သည် နိုင်ငံ၏ အမျိုးသားများသာ ကြီးစိုးသော အခွင့်ထူးခံ လူတန်းစားများကို အကာအကွယ်ပေးနေသော အမြစ်တွယ်နေသည့် အာဏာတည်ဆောက်မှုကို ပြုပြင်  ပြောင်းလဲခြင်း မရှိဘဲ နိုင်ငံအတွင်းရှိ အမျိုးသမီးများ၏ လူနေမှုဘဝ အတွေ့အကြုံများ ပိုမိုကောင်းမွန်လာစေရန် မျှော်မှန်းနေသည့် ပြည့်စုံလုံလောက်မှု မရှိသည့်၊ မှုန်ဝါးဝါး ကြိုးပမ်းမှုတရပ်သာဖြစ်သည်။

အဆိုးဆုံးမှာ NSPAW သည် မြန်မာနိုင်ငံ၏ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရာများနှင့် ပြည်တွင်းရှိ ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး ကတိကဝတ်များကို ပါးစပ်ဖျားဖြင့်သာ တာဝန်ယူခြင်းဖြင့် ကျား-မ တန်းတူညီမျှမှုမရှိခြင်းကို ဆက်လက်ရှင်သန်စေသည့် ရိုးသားမှု မရှိသည့် စာရွက်စာတမ်း တခုသာ ဖြစ်နေသည်။ မည်သို့ပင်ဖြစ်စေ NSPAW တွင် အခြေခံသဘောတရား၊ အနှစ်သာရနှင့် လုပ်ငန်း အကောင်အထည်ဖော်မှု အားလုံးတို့တွင် ကြီးမားသည့် အားနည်းချက်များနှင့် ပြည့်နှက်နေပါသည်။



## MEMBERS OF WOMEN'S LEAGUE OF BURMA

မြန်မာ့အမျိုးသမီး သမဂ္ဂ
Burmese Women's Union (BWU)

ကရင်နီအမျိုးသမီး အစည်းအရုံး
Karenni National Women's Organization (KNWO)

ကချင်အမျိုးသမီး အစည်းအရုံး ထိုင်းနိုင်ငံ
Kachin Women's Association Thailand (KWAT)

ကူကီးအမျိုးသမီးများဆိုင်ရာ လူ့အခွင့်အရေး အစည်းအရုံး
Kuki Women's Human Rights Organization

ကရင်အမျိုးသမီး အစည်းအရုံး
Karen Women's Organization (KWO)

ကယန်းအမျိုးသမီး အစည်းအရုံး
Kayan Women's Organization (KyWO)

လားဟူအမျိုးသမီး အစည်းအရုံး
Lahu Women's Organization (LWO)

ပအိုဝ်းအမျိုးသမီး သမဂ္ဂ
Pa-O Women's Union (PWU)

ရခိုင်အမျိုးသမီးများ အစည်းအရုံး
Rakhaing Women's Union (RWU)

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း
Shan Women's Action Network (SWAN)

တအာင်းအမျိုးသမီး  အဖွဲ့အစည်း
Ta'ang Women's Organization (TWO)

ထားဝယ်အမျိုးသမီး သမဂ္ဂ
Tavoyan Women's Union (TWU)

တရားမျှတမှုအတွက် အမျိုးသမီးများအဖွဲ့
Women for Justice (WJ)



Women's League of Burma

/wlbpower/

www.womenofburma.org